# THAILAND

1 – 14 April 2018

## MEDIA MONITORING REPORT # 180

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

### ရောဝတီဘဏ်တွင် အိမ်ရာ အရစ်ကျ စနစ်ဖြင့် တိုက်ခန်းများ၊ကွန်ဒိုများနှင့် အိမ်ခြံမြေများ ဝယ်ယူ နိုင်မည်

Myanmar Times, 1 April 2018

ရောဝတီဘဏ်၏ အိမ်ရာအရစ်ကျစနစ်ဖြင့် တိုက်ခန်းများ၊ ကွန်ဒိုများနှင့် အိမ်ခြံမြေများ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ယင်းဘဏ်မှ သိရသည်။ ရောဝတီဘဏ်၏ အိမ်ရာအရစ်ကျဝယ်ယူရေးအစီအစဉ်များမိတ်ဆက်ပွဲကို၂၀၁၈ခုနှစ် မတ်လ (၃၁) ရက်မှ ဧပြီလ (၂) ရက်၊အထိ သုံးရက်ကြာ ရန်ကုန်မြို့ရှိ နိုဗိုတယ် ရန်ကုန် မက်(စ်) ဟိုတယ်၊ ရန်ကုန် ခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။




"သိန်း ၂၀၀ကနေ သိန်း ၁၀၀၀အတွင်း ၁၄၁၅ ခန်းလောက်ရှိတယ်။ ၁၂၀၀ကနေ သိန်း ၂၀၀၀ ကြားထဲကို ၉၅၀ လောက် ရှိပါတယ်။ ကျန်တဲ့ဟာတွေက ကွန်ဒိုတွေ။ စုစုပေါင်း ၃၅၀၀ကနေ ၄၀၀၀လောက်အထိ ဒီတစ်ခေါက် ရှိပါတယ်"ဟု အုပ်ချုပ်မှု ဒါရိုက်တာ ဦးမြင့်ဇော်က ပြောကြားသည်။

ရောဝတီဘဏ်သည်အများ ပြည်သူတစ်ဦးချင်း စီအကြိုက် အသင့်လျော်ဆုံးသော အိမ်ရာအရစ်ကျ ဝယ်ယူပိုင်ဆိုင်နိုင်သောအစီအစဉ်တွင် ပုံမှန်အတည်တကျ ဝင်ငွေရှိသူအသက်( ၂၀) နှစ်နှင့် အထက် မြန်မာနိုင်ငံသားအားလုံးဝင်ရောက်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။ရောဝတီဘဏ်သည် အများပြည်သူ ကြိုက်နစ်သက်၍ရွေးချယ်ထားသောအိမ်ရာများကိုတစ်ကြိမ်တည်းနှင့် ငွေအလုံးအရင်းပေးရန်မလိုပဲ ၎င်းတို့ တစ်ဦးချင်းစီအလိုက် သင့်လျော်သောအရစ် ကျငွေချေစနစ်များကိုစီမံပေး၍ လစဉ်ငွေအရစ်ကျပေးသွင်းနေစဉ် တပြိုင်တည်းမှာပင် အိမ်ပေါ်တွင်စတင် နေထိုင်နိုင်ရန်စီစဉ်ထားကြောင်း သိရသည်။ထို့အပြင်၊ ရောဝတီဘဏ်နှင့်ဘဏ်၏မိတ်ဖက်အိမ်ရာပြခန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အိမ်ခြံမြေအကျိုးဆောင်များက ထိုက်တန်သောအိမ်ရာအရစ်ကျပမာဏ နှင့် ယင်းပမာဏအတွင်းမှ ပိုင်ဆိုင်လိုသော အိမ်ကို ရွေးချယ်နိုင်ကြောင်းနှင့် ဘဏ်၏ မိတ်ဖက်များထံမှမဟုတ်ပဲ၊ ပြင်ပလက်ရှိအိမ်ခြံ မြေဈေးကွက်ထဲမှ သင့်လျော်နစ်သက်ရာအိမ်ရာများကိုလည်း ရွေးချယ်ပိုင်ခွင့်ရှိကြောင်း သိရသည်။

အိမ်ရာအရစ်ကျဝယ်ယူရာတွင် စရန်ငွေ (၃၀) ရာခိုင်နှုန်း နှင့် အတိုးနှုန်း (၁၃) ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး ၊ ဝယ်ယူသူများအနေနှင့် (၁၅) နှစ်သက်တမ်းကြာသည်အထိအရစ်ကျပေးချေနိုင်ကြောင်း သိရသည်။ လစဉ်အရစ်ကျပေးချေခြင်းမှာ Amortization (ခေါ်) အရစ်အလိုက် အတိုးငွေပမာဏလျော့ချပြီး၊ သက်တမ်းစေ့ချိန်တွင် အတိုးအရင်းပါပေးချေပြီးခြင်းစနစ်ဖြစ်သည်။ အတိုးငွေပမာဏသည် ပေးချေရန်လက်ကျန်ငွေ ပမာဏအပေါ်တွင်သာ လစဉ်တွက်ချက်သွားမည်ဖြစ်သည်။

မှန်ကန်သောစာရွက်စာတမ်းများ၊ ဝယ်ယူလိုသည့်အိမ်ရာ၏ အမည်ပေါက်ရှင်းလင်းမှု၊ လျှောက်ထားသူ၏ ငွေရေးကြေးရေးဆိုင်ရာစွမ်းဆောင်ရည် (သို့) စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်စသည်တို့အပေါ်တွင် အခြေခံလျက် ၊ စာရွက်စာတမ်းများနှင့်အတူလျှောက်လွှာတင်ပြီးနေ့မှစတင်၍ သီတင်း (၂) ပါတ် မှ (၃) ပါတ်အတွင်းတွင် လျှောက်ထားသူသည် ဝယ်ယူလိုသည်အိမ်ရာအတွက် ဈေးငွေအမျိုးအစားပေါ်မူ တည်၍ဈေးငွေရသည်၊ မရသည် နှင့် ဈေးငွေပမာဏတို့ကို အကြောင်းကြားသွားမည်ဖြစ်သည်။

Link: https://www.mmtimes.com/news/aya-bank-launches-home-loan-plans.html

## သတင်းမီဒီယာသင်တန်းကျောင်း ဖွင့်လှစ်မည်

Myanmar Times, 2 April 2018

အစိုးရသည် နိုင်ငံတကာအရည်အချင်းနှင့်ပြည့်မီသောသတင်းထောက်များ ပေါ်ထွက်လာစေရန်အတွက် သတင်းမီဒီယာသင်တန်းကျောင်း ဖွင့်လှစ်ရန် စီစဉ်နေကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှသန်းက ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းထောက်များကို လေ့ကျင့်သင်တန်းပေးရန်အတွက် UNESCO အပါအဝင် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်။

သတင်းထောက်များကို လေ့ကျင့်သင်တန်းပေးရန်အတွက် ဝန်ကြီးဌာနသည် Myanmar Journalism Institute ၊Myanmar Media Development စင်တာ စသည်ကဲ့သို့ ကျောင်းများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

သို့သော်လည်း သတင်းထောက်ကတ်ပြား ထုတ်ပေးခြင်းမှာ မီဒီယာအဖွဲ့အစည်းများနှင့် သတင်းအဖွဲ့အစည်းများ၏ တာဝန်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

Link: https://www.mmtimes.com/news/news-media-training-schools-be-opened.html

## ဆယ်နှစ်အတွင်း ကျောင်းသားများ ကျောင်းထွက်နှုန်း လျော့ကျစေခဲ့သည့် အစီအစဉ်

Myanmar Times, 3 April 2018

လွန်ခဲ့သော ဆယ်နှစ်ကျော်ကပင် ကျောင်းသားပေါင်း( ၇၅၀၀၀) သည် မူလတန်းအလွတ်ပညာသင်(NFPE) အစီအစဉ်တွင် တက်ရောက်ခဲ့ကြကြောင်း မြန်မာ့စာပေအရင်းအမြစ်စင်တာ (MLRC) ၏ ဖော်ပြချက်အရ သိရှိရသည်။

အလွတ်ပညာသင်ပေးရေးအစီအစဉ်သည် ကျောင်းပညာသင်ကြားရန် အခွင့်အရေးမရသည့် ကျောင်းပြင်ပကလေးများအတွက်ပညာသင်ကြားရန် အခွင့်အလမ်း ပံ့ပိုးပေးခဲ့သည်။

ပညာရေးဝန်ကြီးဌာန၊ MLRC ၊ UNICEF ၊ UNESCO နှင့် အခြားသောအဖွဲ့အစည်းများ၊ အလှူရှင်များသည် အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထို အလွတ်ပညာသင်ကြားရေး အစီအစဉ်ကို ၂၀၁၈- ၁၉ ပညာသင်နှစ်တွင် စတင်ခဲ့သည်။

အစီအစဉ်သည် ပညာသင်ကြားခွင့်မရသည့် အသက်( ၁၀) နှစ်မှ ( ၁၄) နှစ်အတွင်းရှိ ကလေးများကို ဦးတည်ထားသည်။ ထို အစီအစဉ်တွင် တက်ရောက်ခြင်းဖြင့် ကလေးများသည် မူလတန်းပြီးမြောက်ရန်အတွက် ကျောင်းသို့ ပြန်လည်တက်ရောက်နိုင်သည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ အစီအစဉ်သည် ပြီးဆုံးရန်( ၂) နှစ်တာ ကြာမည်ဖြစ်သည်။

ကျောင်းထွက်ရခြင်း၏ အကြောင်းအရင်းမှာ တချို့သောကလေးများသည် ၎င်းတို့၏မိသားစုဝင်ငွေကို ကူရှာပေးရန်အတွက် စက်ရုံအလုပ်ရုံများတွင်သော်လည်းကောင်း အခြားသောအလုပ်များတွင်သော်လည်းကောင်း ဝင်ရောက်လုပ်ကိုင်နေကြ၍ဖြစ်သည်။

၂၀၁၇- ၁၈ ပညာသင်နှစ်၌ NFPE အစီအစဉ်သည် နိုင်ငံတဝှမ်းရှိ မြို့နယ် ၉၃ မြို့နယ်တွင် ပို့ချပေးခဲ့ပြီး ၎င်းတို့ထဲမှ ကျောင်းသား ၇၀ နီးပါးသည် အတန်းတင်စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ခဲ့ကြသည်။

Link: https://www.mmtimes.com/news/programme-lower-dropout-rate-attracts-75000-students-10-years.html

## ပင်လယ်ငါးလုပ်ငန်းဥပဒေ ပေါ်ထွက်လာပါက ရွှေ့ပြောင်းရေလုပ်သားများ အခွင့်အရေးကို ဥပဒေနှင့် အညီဆောင်ရွက်နိုင်မည်ဟုဆို

Myanmar Times, 9 April 2018

ငါးလုပ်ငန်းဦးစီးဌာနက ရေးဆွဲလျက်ရှိသည့် ပင်လယ်ငါးလုပ်ငန်းဥပဒေ ပေါ်ထွက်လာပါက ပြည်ပသို့ သွားရောက်လုပ်ကိုင်နေသော ရွှေ့ပြောင်းရေလုပ်သားများ၏ အခွင့်အရေးကို ဥပဒေနှင့် ဆောင်ရွက်ပေးနိုင်မည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဦးသိန်းဆွေက ပြောကြားလိုက်သည်။

ဧပြီလ ၃ရက်နေ့က ပြုလုပ်သည့် ‘ ထိုင်းနိုင်ငံရှိ ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များ ကာကွယ်တားဆီးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ’၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ပြီး ပင်လယ်ငါးဖမ်းဥပဒေတွင် ရေလုပ်သားများနှင့် ပတ်သတ်သော ပြဌာန်းချက်များပါရှိသည်ဟု ၎င်းက ဆိုသည်။



"ပင်လယ်ငါးလုပ်ငန်းဥပဒေကို ငါးလုပ်ငန်းဦးစီးဌာနက ရေးဆွဲနေတယ်၊ ရေးဆွဲပြီးရင် ဒီဥပဒေမှာ ရေလုပ်သားနဲ့ ပတ်သက်တဲ့ကိစ္စတွေ ပါလာမှာ ဖြစ်တယ်၊ အဲ့ဒီတော့ ပိုမိုပြီးတော့ လိုအပ်တဲ့ စည်းမျဉ်း၊ စည်းကမ်း ဥပဒေတွေ၊ အကာအကွယ်ပေးမှုတွေ ရရှိလာမှာ ဖြစ်ပါတယ် " ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။ လက်ရှိတွင် လုပ်ခလစာကောင်းမွန်သော်လည်း ကာကွယ်စောင့် ရှောက်မှုအပြည့်အဝမပေး နိုင်သည့် ပြည်ပနိုင်ငံရှိ ငါးဖမ်းလုပ်ငန်းသို့ အလုပ်သမားများ တရားဝင်စေလွှတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ၎င်းက ဆိုသည်။

ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းတွင် လုပ်ကိုင်နေကြသည့် အလုပ်သမားများအနေဖြင့် ဘေးအန္တရာယ်များပြားသည့် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေကြသည့်အပြင် အလုပ်ရှင်များ၏ မတရားခိုင်းစေမှု၊ ညှင်းပန်းနှိပ်စက်ခံရမှု၊ အချိန်ကြာမြင့်စွာ အလုပ် လုပ်ကိုင်ရမှု၊ လုပ်အားခေါင်းပုံဖြတ်ခံရမှု၊ လုပ်ခလစာမရရှိမှုနှင့် လူကုန်ကူးခံရမှု စသည့်ဖြစ်စဉ်များကို ကြုံတွေ့နေကြရသည်။ ပင်လယ်ငါးလုပ်ငန်းဥပဒေကို ငါးလုပ်ငန်းဦးစီးဌာနက ရေးဆွဲနေဆဲဖြစ်ပြီး လွှတ်တော်သို့ ပေးပို့ထားခြင်းမရှိသေးပေ။ သို့သော်လည်း လာမည့် အဋ္ဌမအကြိမ်ကျင်းပမည့် လွှတ်တော်ပုံမှန်အစည်းအဝေးတွင်မှ အမျိုးသားလွှတ်တော်သို့ ရောက်ရှိလာနိုင်ဖွယ်ရှိသည်ဟု အမျိုးသားလွှတ်တော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အတွင်းရေးမှူးဒေါက်တာဝင်းမြင့်က မြန်မာတိုင်း(မ်)ကို ပြောသည်။ " ဒီဥပဒေက လွှတ်တော်ကိုတော့ မရောက်သေးဘူး၊ လာမယ့် အဋ္ဌမအကြိမ်အစည်းအဝေးဆိုရင်တော့ ရောက်မယ်လို့ ထင်တယ် " ဟု ၎င်းက ပြောသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရေလုပ်သားများအား ထိုင်းနိုင်ငံသို့ အစိုးရချင်းတိုက်ရိုက်ချိတ်ဆက်သည့် စနစ်(G to G)ဖြင့် စေလွှတ်ရန် နှစ်နိုင်ငံ မူအရ သဘောတူ ထားပြီး တရားဝင်စေလွှတ်ရေး အတွက် နှစ်ဘက် Working Group ကိုဖွဲ့စည်းထားပြီးဖြစ်သည်။

ထိုင်းနိုင်ငံအတွင်း လုပ်ကိုင်နေသော မြန်မာရေလုပ်သားဦးရေ ၄၁၁၂၅ဦးရှိပြီး ရေလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများတွင် လုပ်ကိုင်သူဦးရေ ၄၅၄၀၀ဦးနှင့် ရေထွက်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများတွင်မှ ၅၈၇၄၁ဦး ရှိသည်။

Link: https://www.mmtimes.com/news/ministry-mulls-more-protection-local-foreign-fishery-workers.html

## <u>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုမြှင့်တင်ရေး သင်ကြားဆရာ/ မ ၅၀ ကို အသုံးပြုမည်</u>

Burma News International, 10 April 2018

ကယားစာပေနှင့် ယဉ်ကျေးမှုများကို မြင့်တင်ဖို့ရန် နယ်ပယ်အသီးသီးမှ သင်တန်းဆရာ၊မ ၅၀ ဦးကို ဧပြီလ ၈ ရက်နေ့မှ ၁၂ ရက် နေ့ထိသင်တန်းပို့ ချပေးသွားမည်ဟု ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ခူးဖဲညို့ရယ်က ပြောသည်။



သင်ညွှန်းရိုးတမ်းရေးဆွဲကာ နယ်ပယ်အသီးသီး၏ သင်ရိုးညွှန်းတမ်းများပါဝင်သော အချက် ၅ ချက်နှင့်အညီ ကယားစာပေကို သင်ကြားပေးမည့် ဆရာ၊ ဆရာမများ ကို သင်တန်းပို့ ချသည်ဟု ၎င်းက ပြောသည်။

ဘာသာစုံ ကယားစာပေကို ကျွမ်းကျင်စွာ သင်ကြားပေးနိုင်ရန် ရည်ရွယ်လျှက် မူလတန်းဆရာမများအား သင်တန်းများ ပို့ချနေပြီဖြစ်သည်။

အဓိက သင်ချပို့ ချပေးမည့် စာပေနှင့် ပတ်သက်သည့် အချက် ၅ ချက်မှာ မိခင်ဘာသာစကား ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအကြောင်း၊ ကယားနယ်ပယ်မှာ နာမည်ကြီးကျော်ကြားခဲ့သည့် စော်ဘွားအကြောင်း၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များဖြစ်ပြီး (အိုင်စီတီ) ကွန်ပျူတာပိုင်းဆိုင်ရာ အင်တာနက်နည်းပညာတွေ သင်ကြားပေးမည်ဟု သိရသည်။

"ဒီကယားစာပေနှင့် ယဉ်ကျေးမှုဟာ တိုးတက်ဖို့အတွက် ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးတစ်ခုတည်းနဲ့ လုပ်လို့ မရပါဘူး"ဟု

ခူးဖဲညို့ရယ်က ပြောသည်။

အခြေခံပညာဦးစီးဌာနနှင့် သင်ရိုးညွှန်းတမ်းအတွက် နည်းပညာပိုင်းများကို ပညာရှင်များနှင့် ပူးပေါင်းပြီး လုပ်ဆောင်နေကြောင်း သိရသည်။

ပြည်နယ်အစိုးရက လာမည့် ၂၀၁၉ ၊၂၀၂၀ မှာ တိုင်းရင်းသား စာပေယဉ်ကျေးမှုအတွက် ဘတ်ဂျတ်များ ထည့်သွင်းရေးဆွဲရန် လျာထားပြီး စာပေနှင့် ယဉ်ကျေးမှုကဏ္ဍ မြှင့်တင်ရန် ပြည်နယ်အစိုးရက ကူညီပံ့ပိုးပေးလိမ့်မည်ဟု ၎င်းဆက်ပြောသည်။

စာပေနှင့် ယဉ်ကျေးမှုတစ်ခုကို ထိန်းသိမ်းနိုင်ရေး ပြည်သူ၊ အစိုးရနှင့် လွှတ်တော် ပူးပေါင်းကာ ပံ့ပိုးမှုများကို ဟန်ချက်ညီညီ လုပ်ဆောင်ရန်လိုအပ်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက ပြောသည်။

“ဒီစာပေဟာ လူ ့အရင်းအမြစ်တစ်ခုလိုပါဘဲ တကယ်လို့ ကျွန်မတို့ မထိန်းသိမ်းရင် ဘယ်သူက သိပြီး ဘယ်သူက လာပြီး ယုံကြည်ပေးမှာလဲဆိုတာ နားလည်ထားရမှာ ဖြစ်ပါတယ်”ဟု ဒေါက်တာခင်စည်သူက ပြောသည်။

Link: https://www.bnionline.net/en/news/fifty-teachers-be-used-uplifting-ethnic-literature-culture

**<u>သီလဝါစက်မှုဇုန်တွင် ဂျပန်ကုမ္ပဏီ ၄၅ ခု ကျော် လာရောက် ရင်းနှီးမြှုပ်နှံ</u>**

Eleven Myanmar, 11 April 2018

သီလဝါအထူးစီးပွားရေးစက်မှုဇုန်၌ ဂျပန်ကုမ္ပဏီများသည် ထုတ်လုပ်ရေးကဏ္ဍတွင် အများဆုံး ရင်းနှီးမြှုပ်နှံမှုပြုခဲ့ကြပြီး ကုမ္ပဏီပေါင်း ၄၅ ခုကျော်လာရောက် ရင်းနှီးမြှုပ်နှံခဲ့ကြကြောင်း စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ၏ ပြောကြားချက်အရ သိရှိရသည်။

စက်မှုဇုန်တွင် နိုင်ငံ(၁၇)ခုမှ စီးပွားရေးလုပ်ငန်းများလာရောက် ရင်းနှီးမြှုပ်နှံကြပြီး စက်ရုံ ၈၉ခုကို အသိအမှတ်ပြုခဲ့ပြီး ၃၉ ခုမှာ လည်ပတ်ရန်စောင့်ဆိုင်းနေသည်။

၂၀၁၇- ၁၈ဘဏ္ဍာနှစ် မတ်လထိတိုင် စုစုပေါင်း ရင်းနှီးမြှုပ်နှံငွေမှာ ယူအက်စ်ဒေါ်လာ ၄၀၀ ခန့်ရှိကြောင်း သိရသည်။

ရန်ကုန်ရှိ သီလဝါအထူးစက်မှုဇုန်ပြီးစီးပြီးနောက် နိုင်ငံခြားကုမ္ပဏီ ၁၅၀ ခန့်လာရောက် ရင်းနှီးမြှုပ်နှံရန် မျှော်မှန်းထားပြီး ယူအက်စ်ဒေါ်လာ ၁.၇ ဘီလီယံ မြှုပ်နှံရန် မျှော်မှန်းထားကြောင်း စီမံကိန်းဝန်ကြီးဌာန၏ အဆိုအရ သိရှိရသည်။

Link: http://www.elevenmyanmar.com/business/13734

**<u>ဧရာဝတီတိုင်းတွင် ဘက်စုံသုံးအမိုးအကာအဆောက်အဦးအလုံး( ၅၀) ကျော် ယခုနှစ်တွင် ဆောက်လုပ်မည်</u>**

Eleven Myanmar, 11 April 2018

ဧရာဝတီတိုင်းဒေသကြီးတွင် ဘက်စုံသုံး အမိုးအကာအဆောက်အဦး အလုံး၅၀ကျော်ဆောက်လုပ်ရန် အစိုးရမှစီစဉ်နေကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါ်မြတ်မိုးသွင်က ပြောကြားခဲ့သည်။



“ကျွန်မတို့မှာ မုန်တိုင်းဒဏ်ခံ အဆောက်အဦးတွေကို တည်ဆောက်ဖို့အတွက် သဘာဝဘေးအန္တရာယ် ငွေကြေးရန်ပုံငွေတွေ ရှိပါတယ်။ ဒီငွေကြေးကို မုန်တိုင်းဒဏ်ခံနိုင်တဲ့ အဆောက်အဦးတွေအတွက်အသုံးပြုမှာဖြစ်ပြီး အခြားအချိန်တွေမှာလည်း ဒီအဆောက်အဦးတွေကို လူမှုသဟာယအတွက် အသုံးပြုနိုင်ပါတယ်” ဟု သူမက ပြောကြားခဲ့သည်။

အဆောက်အဦးနေရာကို လူဦးရေအရေအတွက်အလိုက် အချိုးချသွားမည်ဖြစ်သည်။ လူဦးရေပမာဏအလိုက် အဆောက်အဦးများ၏ အမျိုးအစားနှင့်အရွယ်အစား ကွဲပြားသွားမည်ဖြစ်သည်ဟု ပြောခဲ့သည်။

“အဆောက်အအုံရဲ့ အောက်ဘက်ကိုတော့ တိရစ္ဆာန်များအတွက် အသုံးပြုမှာဖြစ်ပြီး အပေါ်ဘက်ကို လူတွေအတွက် အသုံးပြုမှာပဲဖြစ်ပါတယ်။ အဆောက်အအုံထဲမှာ အစားအစာ၊ သောက်ရေသန့်၊ သက်ကယ်ဆေးဝါးများ၊ မိုးရေလှောင်ကန်၊ မီးစက်နဲ့ လောင်စာဆီတိုင်ကီတွေကို နိုင်ငံတကာ အဆင့်အတန်းနဲ့အညီ သိုလှောင်ထားမှာဖြစ်ပါတယ်။”

၂၀၁၂ ခုနှစ် စာရင်းအရ ဒေသကြီးတွင် အစိုးရနှင့်အခြားသောအဖွဲ့အစည်းများက ဆောက်လုပ်ပေးခဲ့သည့် လေမုန်တိုင်းဒဏ်ခံအဆောက်အအုံ ၃၀၀၀ ကျော်ရှိသော်လည်း မလုံလောက်သေးကြောင်း သူမက ပြောကြားခဲ့သည်။

Link:http://www.elevenmyanmar.com/local/13735

## ပဲခူးတိုင်းအတွင်း လာမည့်ပညာသင်နှစ်တွင် တတိယတန်းကရင်စာ စတင်သင်ကြားမည်

Karen News, 12 April 2018

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အစိုးရ အခြေခံပညာကျောင်းများ၌ လာမည့် ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ကရင်စာ တတိယတန်းကို စသင်ကြားသွားမည်ဟု ပဲခူးတိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ပြန်ကြားရေးတာဝန်ခံ စောသြဂတ်စတင်းရူက ကေအိုင်စီသို့ မတ် ၃၁ ရက်နေ့တွင် ပြောသည်။




၎င်းက"လာမဲ့ပညာသင်နှစ်မှာ တတိယတန်းကရင်စာကို စသင်ကြားသွားမယ်။ မနှစ်က ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်ထဲက ကျောင်းတွေမှာ စသင်တယ်။ ဒါပေမဲ့ ဖတ်စာအုပ်မရှိဘူး။ ဒီအတွက် ကရင်ရေးရာဝန်ကြီး နော်ပွယ်စေးက လမ်းညွှန်တယ်၊ စသင်ဖို့အတွက်ကိုပါ။ သင်ဖို့အတွက် တိုင်းစာယဉ်က ဖတ်စာအုပ် (သင်ရိုးညွှန်းတမ်း) ပြုစုပြီးသွားပြီး။ သင်ဖို့အတွက် ပညာရေးဌာနကိုလည်း တင်ပြထားတယ်" ဟု ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တတိယတန်း ကရင်စာသင်ကြားမည့် ဆရာ၊ ဆရာမများအပါအဝင် တိုင်းဒေသကြီး အတွင်းရှိ ကရင်စာသင်ဆရာ၊ ဆရာမများအတွက် မွမ်းမံ သင်တန်းတစ်ခုကို မတ် ၂၆ ရက်မှ ၃၁ ရက်နေ့ထိ၊ အင်းတကော်မြို့နယ်၊ အမှတ် ၂ ရက်ကွက်၊ တောင်ရာကုန်းရှိ ဘိုးတုကျမ်းစာကျောင်း၌ တိုင်း စာ/ယဉ်က ဦးဆောင်က ပြုလုပ်ခဲ့ပြီး သင်တန်းတွင် တတိယတန်း ကရင်ဖတ်စာအုပ်ကို မိတ်ဆက်သင်ကြားမှု ပြုလုပ်ခဲ့သည်ဟု စောသြဂတ်စတင်းရူက ဆက်ပြောသည်။

လက်ရှိ အစိုးရအခြေခံပညာကျောင်းများတွင် မူလတန်းအောင်အဆင့် (ဒုတိယတန်း)ထိ ကရင်စာ သင်ကြားခွင့် ပြုထားပြီး ယခုလို တတိယတန်း ကရင်စာ စတင်သင်ကြားမည့်အပေါ် ဖတ်စာအုပ်များကို ပညာရေးဝန်ကြီး ဌာန က ထုတ်ပေးရန် လတ်တလော ညွှန်ကြားထားခြင်းမရှိသည့်အတွက် တတိယတန်းဖတ်စာအုပ်များကို တိုင်း စာ/ ယဉ် အစီအစဉ်ဖြင့် ဖြန့်ချိနိုင်ရေးလုပ်ဆောင်သွားမည်ဟု ပဲခူးတိုင်း စာ/ယဉ် တာဝန်ရှိသူများထံမှ သိရသည်။

ယခုလို ပဲခူးတိုင်းဒေသကြီးအတွင်း တတိယတန်းကရင်စာ သင်ကြားတော့မည့်အပေါ် ဝမ်းမြောက် ဂုဏ်ယူသလို ယခင် အစိုးရလက်ထက် မိမိကရင်ရေးရာဝန်ကြီး တာဝန်ထမ်းဆောင်စဉ်ကတည်းက တတိယတန်း ကရင်စာသင်ကြားနိုင်ရေးအတွက် ဆိုင်ရာပြည်ထောင်စုဝန်ကြီးအဆင့်ထိ တင်ပြခဲ့ဖူးသည်ဟု ပဲခူးတိုင်းဒေသကြီး ကရင်ရေးရာဝန်ကြီးဟောင်း စောဂျူးပလီစံလှက ပြောသည်။

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်တွင် ၂၀၁၄ ခုနှစ်မှ စတင်ကာ အစိုးရအခြေခံပညာကျောင်းများတွင် စကော ကရင်စာ စတင်သင်ကြားခဲ့ခြင်းဖြစ်ပြီး လက်ရှိ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းနီးပါး ကရင်စာသင် ကြားနေ သလို တတိယတန်း ကရင်စာကို လာမည့်ပညာသင်နှစ်တွင် ယခုလို ထပ်တိုးသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

Link: http://karennews.org/2018/04/karen-language-teaching-moves-up-to-grade-4-in-pago-region-schools/

## တိုင်းရင်းသားရေးရာဝန်ကြီးဌာနတွက် ဘတ်ဂျက် ၁ ရာခိုင်နှုန်းအောက်တွင်သာရရှိ

Burma News International, 10 April 2018

ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားအရေးကို ဦးစားပေးဆောင်ရွက်မည်ဆိုသည့် အစိုးသစ်လက်ထက်တွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးတွင်ပါ တိုင်းရင်းသားရေးရာဝန်ကြီးဌာနသည် ဘတ်ဂျက် အနည်းဆုံး ရရှိသည့် စာရင်းတွင် ပါဝင်နေသည်။



ယခုနှစ် ၂၀၁၇- ၂၀၁၈ ပြည်ထောင်စုဘတ်ဂျက် တွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနအတွက် ဘတ်ဂျက်ရရှိမှုမှာ ဝဒသမ၂ရာခိုင် နှုန်းသာရှိပြီး ကယားပြည်၏ ဘတ်ဂျက်တွင်လည်း ၅၃□၈၄၅ သန်းရရှိပြီး အနည်းဆုံးတွင်ပါဝင်သည်။

ကယားပြည်နယ်၏ ဘတ်ဂျက်များတွင်လည်း အများဆုံးရရှိသည့် ဌာနများမှာ လမ်းဦးစီးဌာနဖြစ်ပြီး သုံးစွဲမှုဘတ်ဂျက်မှာ ကျပ်သန်းပေါင်း ၁၉၀၀၀.၀၀၀ ဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့မှာ ကျပ်သန်းပေါင်း (၆၀၃၇.၂၅၇) ဒုတိယအများဆုံး အသုံးပြုခဲ့သည့်ဌာနဖြစ်သည်။

တိုင်းရင်းသားရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးရေးလုပ်ဆောင်ရန်အတွက် လုပ်ပိုင်ခွင့် မရှိသည့်အတွက် သုံးစွဲရသည့်ဘတ်ဂျက်မှာလည်း အနည်းဆုံးသာ ရရှိသည်ဟု သိရသည်။

တိုင်းရင်းသားရေးရာဝန်ကြီးများ တွေ့ဆုံချိန်တွင် တိုင်းရင်းသားများ၏ အခန်းကဏ္ဍကို မြှင့်တင်ပြီးဥပဒေကို ပြန်လည်ပြုပြင်ရန် ကြိုးစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

Link: https://www.bnionline.net/en/news/ethnic-affairs-ministry-receives-below-one-percent-budget

## ရန်ကုန်တက္ကသိုလ်တွင် ရေထွက်ကုန်ဒီဂရီ ပရိုဂရမ်တစ်ခုကို စမ်းသပ်စီမံကိန်းအဖြစ် စတင်မည်

Myanmar Times, 11 April 2018

ရေထွက်လုပ်ငန်းဆိုင်ရာဘွဲ့တစ်ခုကို လာမည့်စာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ပို့ချတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာရှိတစ်ဦးက *Myanmar Times* သို့ပြောခဲ့သည်။

“နောင်လာမယ့် စာသင်နှစ်မှာ ငါးလုပ်ငန်းနဲ့ဆက်စပ်တဲ့ ဘွဲ့တစ်ခုကို ကျွန်တော်တို့ပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ လွှတ်တော်က အဆင့်မြင့်ပညာရေးမှာ  အတန်းတွေအတွက် အဆိုပြုချက်ကို အသိအမှတ်ပြုခဲ့ပါတယ်။ ဒီဘွဲ့ကြိုပရိုဂရမ်ကို ရန်ကုန်တက္ကသိုလ်မှာ စတင်ဖွင့်လှစ်ပါမယ်” ဟု အရာရှိက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

အဆိုပြုလွှာကို လွှတ်တော်မှ ဩဂုတ်လတွင် အတည်ပြုခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တက္ကသိုလ်ကို ဖွင့်လှစ်ရန် အစီအစဉ်များ ပြုလုပ်ခဲ့သည်။

အမျိုးသားလွှတ်တော်မှ အဆိုပါတက္ကသိုလ်ကိုဖွင့်လှစ်ရန် အတည်ပြုပေးခဲ့သော်လည်း စီမံကိန်းကို အကောင်အထည်မဖော်နိုင်သောကြောင့် ရန်ကုန်တက္ကသိုလ်တွင် စမ်းသပ်စီမံကိန်းအဖြစ် လုပ်ဆောင်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော်မှ အတည်ပြုပြီးနောက် ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာ့ငါးဖမ်းလုပ်ငန်းအဖွဲ့မှ သင်ရိုးညွှန်းတမ်းရေးဆွဲခဲ့ပြီး ဝန်ကြီးဌာနများသည် အပြီးသတ်ရေးဆွဲရန်အတွက် မတ်လကုန်ပိုင်းတွင် တွေ့ဆုံသွားမည်ဖြစ်သည်။

ရေလုပ်ငန်းဆိုင်ရာဘွဲ့ (B.Sc Fishery) ကို လေးနှစ်တက်ရောက်နိုင်ရန် မျှော်မှန်းထားသော်လည်း အတည်မပြုရသေးကြောင်း ဝန်ကြီးဌာန ကပြောကြားခဲ့သည်။

Link:https://www.mmtimes.com/news/fishery-degree-programme-set-pilot-project-yangon-university.html

## ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ရန် နေရာသစ်များ မြန်မာမှ ဖန်တီးမည်

Mizzima, 14 April 2018

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း လုပ်ဆောင်ချက်သစ်များနှင့် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်သည့်နေရာသစ်များကို တိုးတက်အောင်လုပ်ဆောင်ခြင်းဖြင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် ကြိုးစားအားထုတ်လျှက်ရှိသည်။

ဝန်ကြီးဌာနသည် ဟိုတယ်အလုံးပေါင်း (၁၆၂၈)လုံး နှင့် တည်းခိုခန်း (၆၅၄၇၀)ခန်းကို ခွင့်ပြုပေးခဲ့သည်။



ဝန်ကြီးဌာနသည် သမိုင်းဝင်နေရာများ၊ မြစ်များ၊ ရေကန်များ၊ ကမ်းခြေများ၊ ကျွန်းစွယ်များနှင့်သစ်တောများ အပါအဝင် သံယံဇာတပေါကြွယ်ဝသည့်နေရာများ၌ စီးပွား- ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဆိုင်ရာခရီး သွားလုပ်ငန်းနှင့်ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများကို မြှင့်တင်ပေးရန်အတွက် ကြိုးစားအားထုတ်လျှက်ရှိသည်။

မန္တလေး၊ ရန်ကုန်၊ ပုဂံ၊ အင်းလေး၊ ကရင်နှင့် မွန်ပြည်နယ်၊ မြိတ်ကျွန်းစု၊ ချင်းတောင်တန်းများနှင့် ချောင်းသာ၊ ငွေဆောင်ကဲ့သို့သော ကမ်းခြေများသည် ထင်ရှားသော ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် နေရာများဖြစ်သည်။

လက်ရှိတွင် ဝန်ကြီးဌာနသည် ကရင်ပြည်နယ်ရှိ သံတောင်ကြီး၊ ရှမ်းပြည်နယ်ရှိ ပအို့ရပ်ရွာအခြေစိုက်ပါဝင်သည့် ခရီးသွားလုပ်ငန်း၊ ကယားယဉ်ကျေးမှုအ သိုက်အ ဝန်းခရီးစဉ်၊ ဧရာဝတီမြစ်တလျှောက်ရှိ လင်းပိုင်နှင့်အတူ လူထု အခြေပြုခရီးသွားလုပ်ငန်း၊ ဖိုးကျားဆင်စခန်း၊ ပုပ္ပါးတောင်၊ အင်းတော်ကြီးတောရိုင်းစခန်းနှင့်အခြားသောနေရာများအပါအဝင် စီးပွား- ခရီးသွားနေရာများနှင့် ရပ်ရွာအခြေပြုနေရာများကို တည်ထောင်လျှက်ရှိသည်။

Link: http://www.mizzima.com/business-domestic/myanmar-creating-new-destinations-attract-tourists

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### မြေအောက်ရေသံယံဇာတကို ထိန်းသိမ်းပေးမည့် ဥပဒေကြမ်းရေးဆွဲပြီးစီး

Myanmar Times, 6 April 2018

မြန်မာ့ရေအောက်သံယံဇာတများကို ထိန်းသိမ်းပေးမည့်ဥပဒေကြမ်းအား ရေးဆွဲပြီးစီးခဲ့ပြီး လာမည့်အနာဂတ်တွင် ပြဌာန်းနိုင်ရန် မျှော်မှန်းထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်အမျိုးသားရေအောက်သံယံဇာတကော်မတီတို့၏ အကြံပေးဖြစ်သူ ဦးဘရွှေက ပြောခဲ့သည်။



"ဒီဥပဒေကို ၂၀၁၄ ခုနှစ်ကစပြီး မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကဦးဆောင်ပြီး အစိုးရဌာနတွေ၊ ကျွမ်းကျင်သူတွေနဲ့အတူ တိုးတက်လာအောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဥပဒေရဲ့သတ္တမမူကြမ်းအထိ ကျွန်တော်တို့ရေးဆွဲပြီးပါပြီ။ ဒါကို အစိုးရနဲ့ လွှတ်တော်ဆီကို ကျွန်တော်တို့ ပို့ပါမယ်။"

"လွှတ်တော်က သုံးသပ်ကော်မတီက အဆင်ပြေတယ်ဆိုရင် ကျွန်တော်တို့ ပြည်သူလူထုရဲ့အကြံဉာဏ်ကို ယူသွားမှာပဲ ဖြစ်ပါတယ် "ဟု ၎င်းကပြောခဲ့သည်။ ကျွမ်းကျင်သူများက မြေအောက်ရေဘုံဘိုင်များနှင့်ပတ်သတ်၍ စိုးရိမ်ပူပန်မှုရှိပြီး အထူးသဖြင့်ရန်ကုန်လိုနေရာမျိုးတွင်ဖြစ်သည်။

Link: https://www.mmtimes.com/news/law-drafted-save-underground-water.html

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

### ဒုတိယအကြိမ် မွန်နိုင်ငံရေးညီလာခံကို မေလဒုတိယပတ်တွင် ကျင်းပရန်လျာထား

Burma News International, 3 April 2018




ဒုတိယအကြိမ် မွန်နိုင်ငံရေးညီလာခံ Mon Political Conference ကို လာမည့်မေလ ၁၂ ရက်နေ့မှစတင်၍ မော်လမြိုင်မြို့တွင် ၃ ရက်ကြာ ကျင်းပရန်လျာထားပြီး မွန်အမျိုးသား ကိုယ်စားပြုပါတီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွေးနွေးအတည်ပြုမည်ဖြစ်ကြောင်း မွန်အမျိုးသား ကိုယ်စားပြုပါတီဖော်ဆောင်ရေးအဖွဲ့မှ နိုင်တလညီက ပြောသည်။

နိုင်တလညီက "ဒီနိုင်ငံရေးညီလာခံမှာ ပထမအချက်က မွန်အမျိုးသားကိုယ်စားပြုပါတီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွေးနွေး အတည်ပြုမယ်။ ဒုတိယအချက်က မွန်အမျိုးသားကိုယ်စားပြုပါတီ ဖော်ဆောင်သွားဖို့ ရှိတယ်" ဟု ပြောသည်။

ယခင်ညီလာခံတက်ရောက်ခဲ့သူများကိုငှင်း မွန်အ မျိုးသားရေးစိတ်ဝင်စားသူနှင့် ဖိတ်ကြားသင့်သူ များကိုငှင်း ဖိတ်ကြားသွားမည်ဟု သူက ဆိုသည်။

သို့ရာတွင် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သည့် မွန်နိုင်ငံရေးညီလာခံကို မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ AMDP တက်ရောက်ခြင်းမရှိသည့်အပြင် ညီလာခံဆုံးဖြတ်ချက်ကိုလည်း အသိမှတ်မပြုကြောင်း ထုတ်ပြန်ခဲ့ပြီး မွန်အမျိုးသားပါတီ MNP ကလည်း နှစ်ပါတီပူးပေါင်း ရေးကိုသာ အာရုံစိုက်နေသည်ဟု အကြောင်းပြကာ မွန်အမျိုးသားကိုယ်စားပြုပါတီဖော်ဆောင်ရေး အဖွဲ့ကို လက်ခံတွေ့ဆုံခြင်း မရှိခဲ့ပါ။

မွန်နိုင်ငံရေးညီလာခံကို ပြီးခဲ့သော ဇန်နဝါရီလ ၁၃ ရက်နေ့က ကျင်းပခဲ့ပြီး ၆ လအတွင်း မွန်အမျိုးသားကိုယ်စားပြုပါတီတစ်ရပ် ဖြစ်ပေါ်လာရေး အကောင်အထည်ဖော်ဆောင်သွားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

အဆိုပါညီလာခံတွင် မွန်လူထုလူတန်းစားအလွှာအသီးသီးမှကိုယ်စားပြုသည့် သံဃာတော်များ၊ စာပေယဉ်ကျေးမှုအဖွဲ့၊ ရာမညအင်အားစုအဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့များ၊ နိုင်ငံရေးသမားများ၊ နယ်စပ်နှင့် နိုင်ငံရပ်ခြားရောက်သူများအဖွဲ့၊ အနုပညာအဖွဲ့နှင့် ဖိတ်ကြားထိုက်သူပညာရှင်များ စုစုပေါင်း [illegible]၈၀၀) ကျော် တက်ရောက်ကြောင်း တွေ့ရှိရသည်။

Link: https://www.bnionline.net/en/news/2nd-mon-political-conference-be-held-first-week-may

## အခြား

### မြေမြှုပ်မိုင်းအသုံးပြုမှုများကို အစိုးရမှ ဆန့်ကျင်အရေးယူပေးရန် E U တောင်းဆို

Burma News International, 4 April 2018

ယနေ့နိုင်ငံတကာမြေမြှုပ်အသိပညာပေးနေ့တွင် ဥရောပသမဂ္ဂသံအမတ်ကြီးဖြစ်သူနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၌ မြေမြှုပ်မိုင်းရှိသည့်နေရာဒေသများတွင် နေထိုင်ကြသည့်အရပ်သားများကို ပိုမိုအကာအကွယ်ပေးနိုင်ရန်အတွက် မြေမြှုပ်မိုင်းအသုံးပြုမှုကို အစိုးရမှ အရေးယူပေးရန် ကြေငြာချက်တစ်စောင်ဖြင့် တောင်းဆိုလိုက်သည်။



ကြေငြာချက်တွင် မြေမြှုပ်မိုင်းသည် ကမ္ဘာပေါ်ရှိ စစ်မက်ဖြစ်ပွားနေသည့်နေရာဒေသအများအပြား၌ လူပေါင်းများစွာ၏ အသက်အန္တရာယ်ကို ထိခိုက်စေခဲ့ကြောင်း - စစ်ပွဲပြီးစီးသည့်နောက်ပိုင်းတွင်လည်း ကာလကြာရှည်စွာ လူ့အသက်ကို ခြိမ်းခြောက်လျှက်ရှိကြောင်း၊ မြေမြှုပ်မိုင်းကြောင့် အဓိက ထိခိုက်သူများမှာ ကလေးသူငယ်များ၊ အရပ်သားများ၊ ကျေးလက်ဒေသရှိ လယ်သမားများဖြစ်ကြပြီး ရွေးချယ်မှု မရှိသူများဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းအတွက်၊ မိသားစုအတွက် အစာရှာရင်း မြေမြှုပ်မိုင်းရှိရာနေရာများသို့ ဝင်ရောက်မိကြခြင်းဖြစ်ကြောင်း၊ စစ်တွင်းနှင့်စစ်ကျန်မြေမြှုပ်မိုင်းများသည် ဘေးကင်းမှု၊ ကျန်းမာရေးစသည်တို့ကို ထိခိုက်စေရုံသာမက ဆင်းရဲမွဲတေမှုအာ

ဆင့်အထိ ဖြစ်ပွားနေကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်း (၁၄)ခုရှိ ၉ ခုတွင် မြေမြှုပ်မိုင်းနှင့် စစ်ကြွင်းကျန်မိုင်းများ ရှိနေသေးသည်။ ကချင်၊ ရှမ်းနှင့်ရခိုင်ပြည်နယ်များတွင် စစ်မက်ဖြစ်ပွားသည့်ဒေသများ၌ ၂၀၁၇ တွင် ဖော်ပြထားသည် မြေမြှုပ်မိုင်းအသုံးပြုမှုအစီရင်ခံစာသည် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်သည်။

ထို့ကြောင့်အစိုးရအနေဖြင့် မြေမြှုပ်မိုင်းအသုံးပြုမှုများကို အရေးပေါ် အရေးယူဆောင်ရွက်ရန်လိုအပ်ပြီး မြန်မာနိုင်ငံအနေဖြင့် မြေမြှုပ်မိုင်းအသုံးပြုမှုကို တားဆီးသည့် အိုတဝါညီလာခံသို့တက်ရောက်ရန် ကျွန်ုပ်တို့မှ အစွမ်းကုန်တိုက်တွန်းလိုက်ကြောင်း၊ အရပ်သားများ ပိုမိုအကာအကွယ်ရရှိစေရန်အတွက် ကျွန်ုပ်တို့သည် အစိုးရနှင့်တိုင်းရင်းသားခေါင်းဆောင်များအား မြေမြှုပ်မိုင်းရှင်းလင်းသည့်လုပ်ဆောင်မှုတွင် ပံ့ပိုးပါဝင်ကြရန်လည်း ကျွန်ုပ်တို့မှ တောင်းဆိုလိုက်ပါကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့မှ နိုင်ငံတဝန်းရှိ မိုင်းပညာပေးလုပ်ဆောင်မှုများတွင် အပြည့်အဝကြိုတင်ပါဝင်ခြင်းဖြင့် ပံ့ပိုးပေးလျှက်ရှိပြီး မိုင်းရှင်းလင်းရေးဆောင်ရွက်မှုများတွင်လည်း ကူညီပေးရန် အဆင်သင့်ရှိနေပါကြောင်း ကြေညာချက်ထဲတွင် ဖော်ပြထားသည်။

Link: https://www.bnionline.net/en/news/eu-calls-myanmar-government-take-action-against-landmine-use

**ကျောက်မီးသွေး ဓာတ်အားပေး စက်ရုံ တည်ဆောက်မှုအတွက် ကရင်ပြည်သူများစိုးရိမ်နေ**

Myanmar Times, 9 April 2018

ကရင်ပြည်သူများသည် ၎င်းတို့ဒေသတွင် ပြည်ထောင်စုအစိုးရမှ ကျောက်မီးသွေးစက်ရုံ စီမံကိန်း တည်ဆောက်မှုအား ဆောက်လုပ်ခွင့်ရုပ်သိမ်းထားသော်လည်း ဆက်လက်လုပ်ကိုင်မည်ကို စိုးရိမ်နေကြသည်။

ဘားအံတွင် နေထိုင်သည့် စောနေလင်းထွန်းမှ ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရ၏ ဆုံးဖြတ်ချက်အတိုင်းစီမံကိန်း ပယ်ဖျက်ရမည်ဖြစ်ပြီး စီမံကိန်းကို ရပ်ဆိုင်းရန်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

"ပြည်ထောင်စုအဆင့်မှာ စီမံကိန်း ပယ်ဖျက်မယ်လို့ ကြေငြာထားပေမယ့်လည်း ပြည်နယ်အဆင့်မှ မရှင်းလင်းတာတွေကျန်နေသေးတယ်" ဟု သူကပြောသည်။ " စီမံကိန်းမှာ ကျန်သေးတဲ့အရာတွေနဲ့ပတ်သတ်ပြီး လူထုအပေါ် သတင်းအချက်အလက်ပေးဖို့လိုပါတယ်၊ မကြာသေးခင်ကပဲ TTCL ကုမ္ပဏီက ဒီစီမံကိန်းနေရာမှာ မြေတွေ ဝယ်နေတယ်။"

မတ်လ ၁၄ ရက်နေ့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးဝင်းခိုင်သည် မြန်မာအစိုးရမှ ဘားအံတွင် အဆိုပြုထားသည့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန်ခွင့်မပြုတော့ကြောင်း ကြေငြာခဲ့သည်။

အဆိုပြုထားသည့် စီမံကိန်းသည် သံလွင်မြစ်ကမ်းပေါ်တွင် တည်ရှိသည်။

Link: https://www.mmtimes.com/news/kayin-residents-fear-coal-plant-may-go-ahead.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.